# လက်တွဲညီညီ အောင်မြင်ခြင်းဆီသို့

## “သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်နှင့် ငြိမ်းချမ်းသော လုပ်ငန်းခွင်တည်ဆောက်နိုင်ရေးအတွက် GSP မရှိမဖြစ်လိုအပ်သည်”

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

နှင့်

မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM)၊

မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်ပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS)

တို့၏ပူးတွဲကြေညာချက်


၁။ မိမိတို့သည် ဥရောပသမဂ္ဂ၏ မူဘောင်အတွင်းရှိ “လက်နက်မှ တပါးအခြားအားလုံး (Everything But Arms - EBA) အစီအစဉ်ကို” အလေးအနက် ထောက်ခံပါသည်။ အဆိုပါ ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးရရှိရန်အတွက် အခြေခံထားသည့် လူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေး တို့ကို လေးစားလျက် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များနှင့် အစီအစဉ်တို့ကို ဆက်လက် ပံ့ပိုးသွားမည်ဟု ဝန်ခံကတိပြုပါသည်။

၂။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး နှင့် အားလုံးပါဝင်သော လူမှုစီးပွားဖွံ့ဖြိုးမှုတို့ကို ထောက်ခံအားပေးသောအားဖြင့် ဥရောပသမဂ္ဂသည် Generalized System of Preferences (GSP) / Everything But Arms (EBA) ကို ၂၀၁၃ ခုနှစ် ဇူလိုင်လမှစ၍ ပြန်လည်ခံစားခွင့်ပြုသည့် ဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံသားများအတွက် အကျိုးကျေးဇူးများကို ယူဆောင်လာပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အပြောင်းအလဲကို အောင်မြင်စွာစတင်နိုင်ရန် အားပေးခဲ့သည့်အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း ထပ်လောင်းပြောကြားလိုပါသည်။

၃။ အဓမ္မ အလုပ်ခိုင်း စေခြင်းဆိုင်ရာပြဌာန်းချက်၊ လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်နှင့် အဖွဲ့အစည်းများကို အကာအကွယ်ပေးခြင်း ဆိုင်ရာ ပြဌာန်းချက်နှင့် ကလေးသူငယ်များကို အဆိုးရွားဆုံးအခြေအနေ၌ အလုပ်စေခိုင်းခြင်းကို ချက်ချင်းတားမြစ်အရေးယူခြင်းဆိုင်ရာ ပြဌာန်းချက်တို့ကဲ့သို့သော လုပ်ငန်းခွင်ဆိုင်ရာ အခြေခံမူဝါဒများနှင့် အခွင့်အရေးများအား အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ညှိနှိုင်းခြင်းမှ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့မှုများကို ပြန်လည်မှတ်တမ်းတင်အပ်ပါသည်။ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်အကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ်မူကြမ်းကိုလည်း အောင်မြင်စွာ ရေးဆွဲနိုင်ခဲ့ပါသည်။ မိမိတို့သည် အဓိကကျသော ILO ပြဌာန်းချက် ၃ ခုကို အတည်ပြု လက်မှတ်ရေးထိုးခဲ့ခြင်း နှင့် ILO စံနှုန်းများနှင့် ကိုက်ညီသော ၁၀ ခုထက်မနည်းသည့် အလုပ်သမား

ရေးရာဥပဒေ၊ နည်းဥပဒေများကို ထုတ်ပြန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ အဆိုပါအချက်များသည် မိတ်ဖက်များအားလုံး၏ တိုးတက်မှုရှိသော ပူးပေါင်းပါဝင်ဆောင်ရွက်မှုများမှ တဆင့်ရရှိသော အပြုသဘောဆောင်သည့် အောင်မြင်မှု သာဓကများဖြစ်ပါသည်။

၄။ ဥရောပသမဂ္ဂ ကုန်သွယ်ရေးဆိုင်ရာအကြီးအကဲ (Trade Commissioner) က မြန်မာနိုင်ငံ၏ လက်ရှိလူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးအခြေအနေကို အကြောင်းပြု၍ GSP/EBA ကို ပြန်လည်ရုပ်သိမ်းနိုင်ဖွယ်ရာရှိသည်ဟုဆိုသော မှတ်ချက်ကို မိမိတို့မှတ်သားရပါသည်။ သို့သော်လည်း ဤကဲ့သို့သော ပြင်းထန်သည့် အရေးယူခြင်းသည် ဖွံ့ဖြိုးမှုအနည်းဆုံး ဖြစ်နေသော၊ လူမှုစီးပွားရေး၌ လွန်စွာအခက်အခဲရှိနေသော၊ ထိလွယ်ရှလွယ် လုပ်သားဈေးကွက်ရှိနေသော မိမိတို့နိုင်ငံကို ဆိုးရွားစွာ ထိခိုက်နစ်နာစေနိုင်ပါသည်။ အဓိကသက်ရောက်မှုသည် အခြေခံအလုပ်သမား လူတန်းစားအပေါ်တွင် အလုပ်လက်မဲ့ဖြစ်စေခြင်းနှင့် လူမှုစီးပွားရေးဘဝများကို ပြိုကွဲစေနိုင်ခြင်းမှတဆင့် စီးပွားရေး ကပ်ဆိုက်မှုနှင့်တကွ လူမှုရေးပဋိပက္ခမျိုးစုံကို ဆက်လက်ရင်ဆိုင်ရစေပါမည်။ ကောင်းမွန်သော လုပ်သားဈေးကွက် ပေါ်ပေါက်လာစေခြင်း၊ သင့်လျော်ကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေနှင့် ငြိမ်းချမ်းသော လုပ်ငန်းခွင်သို့ ဦးတည်လျက်ရှိသော မိမိတို့၏ပြုပြင်ပြောင်းလဲမှုများနှင့် ပြုပြင်ပြောင်းလဲရန်ရှိသည်တို့ကို လမ်းချော်သွားစေနိုင်မည့် ကိစ္စရပ်များ မပေါ်ပေါက်နိုင်စေရန်အလို့ငှာ GSP/EBA ကို ဆက်လက် ခံစားခွင့်ပြုရန် အလွန်အမင်းလိုအပ်ပါသည်။

၅။ သို့ဖြစ်ပါ၍ အလုပ်သမားရေးရာစံနှုန်းများ မြှင့်တင်ဆောင်ရွက်ရေးအစီအစဉ်အရ လတ်တလော တွင် လက်မှတ်ရေးထိုးထားသော မြန်မာနိုင်ငံ၏ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာ အစီအစဉ် ၂၀၁၈-၂၀၂၂ ပါ ဦးစားပေးရည်ရွယ်ချက် ၂ ခုဖြစ်သည့် "အလုပ်အကိုင်၊ သင့်လျော်ကောင်းမွန်သော အလုပ်နှင့် စဉ်ဆက်မပြတ် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများတွင် ဘေးအန္တရာယ်နှင့် ပဋိပက္ခဒဏ်ခံနေရသော ပြည်သူများပါ ပါဝင်၍ လူတိုင်းထိတွေ့နိုင်သော အခွင့်အရေး ရရှိလာကြမည်ဖြစ်ခြင်း" နှင့် "ပိုမိုကောင်းမွန်လာသည့် လုပ်သားဈေးကွက်အုပ်ချုပ်မှုအားဖြင့်၊ လုပ်ငန်းခွင် အခြေခံ စည်းမျဉ်းများနှင့် အခွင့်အရေးများအား လက်တွေ့အသုံးချခြင်းကို အားကောင်းစေခြင်း" တို့ကို အလေးအနက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကတိပြုပါသည်။ ဥရောပသမဂ္ဂ၏ ကုန်သွယ်မှု အထူးအခွင့်အရေးခံစားခွင့်ကို ဆက်လက်ခွင့်ပြုပေးထားခြင်းသည် အထက်ပါကိစ္စရပ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လွန်စွာအရေးကြီးပါသည်။

၆။ မိမိတို့သည် ဥရောပသမဂ္ဂ၏ သက်ဆိုင်ရာ တာဝန်ရှိသူများထံ မြန်မာနိုင်ငံသို့ ခွင့်ပြုထားသော GSP/EBA ကုန်သွယ်မှု အထူးခံစားခွင့်များကို ဆက်လက် ခံစားခွင့်ပြုပါရန် လှိုက်လှဲစွာ မေတ္တာရပ်ခံပြီး သင့်လျော်ကောင်းမွန်သော လုပ်ငန်းခွင်နှင့် တည်ငြိမ်အေးချမ်းသော လုပ်ငန်းခွင်ရရှိရန် မိမိတို့၏ ဆက်သွယ်မှုကွန်ယက်များမှတဆင့် နိုင်ငံတစ်ဝှမ်းလုံး သိရှိအောင် အသိပေးနှိုးဆော်ခြင်းနှင့် မြန်မာနိုင်ငံ၏ ဖြောင့်ဖြူးသော ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုပါသည်။

UMFCCI၊ CTUM ၊ MICS